# ချွဲသလိပ်စုယူရန် လမ်းညွှန်

## သင် လိုအပ်မည့် အရာများ...




စုယူရန်ပြွန်




ပလတ်စတစ်အိတ်တစ်လုံး



စက္ကူအိတ်တစ်လုံး



1 အိပ်ရာထပါ



2 အသက်ပြင်းပြင်း ၃ ချက်ရှူပါ



3 ချောင်းဆိုး၍ သလိပ်ထုတ်ပါ



4 သလိပ်ကို ပြွန်အတွင်း ထွေးထုတ်ပါ



5 ပါးစပ်ကို ပြွန်ပေါ်တွင် မထားပါနှင့်



6 ပြွန်အဖုံးကို လှည့်၍ပိတ်ပါ




7 ပြွန်ပေါ်တွင် အမည် နှင့်ရက်စွဲတို့ ရေးပါ




8 ပြွန်ကို ပလတ်စတစ် အိတ်တွင် ထည့်ပါ




9 ပလတ်စတစ်အိတ်ကို စက္ကူအိတ်တွင် ထည့်ပါ



10 စက္ကူအိတ်ကို ရေခဲသေတ္တာ တွင် ထည့်ပါ




11 တစ်နေ့လျှင် ပြွန် ၁ ပြွန်၊ ၃ ရက်ကြာ စုယူပါ

ရုပ်ပုံများသည် မာလ်တ်နိုးမားကောင်တီ ကျန်းမာရေးဌာန TB အစီအစဉ်မှ ဖြစ်သည်

# TB အတွက် ချွဲသလိပ် စုယူရန် ညွှန်ကြားချက်များ




## ချွဲသလိပ် စမ်းသပ်ရန် အဘယ်ကြောင့် လိုအပ်သနည်း။

သင့်ဆရာဝန်သည် သင်၏ အဆုတ်မှ သင်ချောင်းဆိုးထုတ်လိုက်သော ချွဲသလိပ် ("သလိပ်") ကို စုယူလိုပါသည်။ ဓာတ်ခွဲခန်းမှ ထိုချွဲသလိပ်ကို အဆုတ်နာရောဂါ (TB) ပိုးမွှားများရှိမရှိ စမ်းသပ်ပါမည်။

သင်၏ချွဲသလိပ်ကို စစ်ဆေးခြင်းသည် သင့်တွင် TB ရောဂါရှိမရှိသိရန် အကောင်းဆုံးနည်းဖြစ်သည်။ သင်သည် TB အတွက် ဆေးသောက်နေပြီးသားဆိုပါက သင်၏ချွဲသလိပ်ကို စစ်ဆေးခြင်းသည် ဆေးအောင်မြင်မှု ရှိမရှိသိရန် အကောင်းဆုံးနည်း ဖြစ်သည်။

ဤစမ်းသပ်မှုသည် တိကျမှန်ကန်ကြောင်းသေချာရန်၊ အဆုတ်အတွင်း နက်သည့်နေရာမှ သင် ချောင်းဆိုးထုတ်ရပါမည်။ သင်၏အဆုတ်မှရသည့် ချွဲသလိပ်သည် သာမန်အားဖြင့် ထူ၍စေးကပ်သည်။ တံတွေးသည် သင်၏ပါးစပ်မှလာ၍ ရေကဲ့သို့ အရည်ကျဲပါသည်။ တံတွေးကို စုယူခြင်း မပြုပါနှင့်။

**အကြံပြုချက်-** သင်သည် ချောင်းဆိုး၍ ချွဲသလိပ် မထုတ်နိုင်ပါက၊ ရေပန်းပူပူမှ ထွက်လာသည့် ရေငွေ့ သို့မဟုတ် ဒယ်အိုးတစ်လုံးမှ ဆူနေသည့်ရေမှ ရေငွေ့ကို ရှူကြည့်ပါ။

## ချွဲသလိပ်နမူနာ စုယူပုံ

သင့်ဆရာဝန် သို့မဟုတ် သူနာပြုမှ သင့်ကို ချွဲသလိပ်စုယူရန် အထူးပလတ်စတစ်ခွက် တစ်ခွက်ပေးပါမည်။ အောက်ပါအဆင့်များကို သေချာစွာ လိုက်နာပါ-

1. ထိုခွက်သည် အလွန်သန့်ရှင်းပါသည်။ သင်အသုံးပြုရန် အဆင်သင့်မဖြစ်မချင်း မဖွင့်ပါနှင့်။
2. မနက်တွင် သင်နိုးနိုးချင်း (တစ်စုံတစ်ရာ မစားသောက်မီ) သွားတိုက်၍ ရေဖြင့် ပလုပ်ကျင်းပါ။ ပါးစပ်ဆေး သည့်ဆေးရည် မသုံးပါနှင့်။
3. ဖြစ်နိုင်လျှင် ချွဲသလိပ်နမူနာ မစုယူမီ အပြင်သို့သွားပါ။ သို့မဟုတ် ပြတင်းပေါက်ဖွင့်ပါ။ ဤသို့ပြုခြင်းသည် သင်ချောင်းဆိုးသည့်အခါ အခြားသူများအား TB ပိုးမွှားများမှ ကာကွယ်ပေးရာတွင် အထောက်အကူပြုပါသည်။
4. အသက်ပြင်းပြင်းတစ်ချက် ရှူပြီးနောက် ၅ စက္ကန့်မျှ အသက်အောင့်ထားပါ။ ဖြည်းဖြည်း ရှူထုတ်ပါ။ အသက်ပြင်းပြင်း ထပ်ရှူ၍ သင့်ပါးစပ်အတွင်းသို့ ချွဲသလိပ်ထွက်လာသည်အထိ ချောင်းပြင်းပြင်းဆိုးပါ။
5. ချွဲသလိပ်ကို ပလတ်စတစ်ခွက်အတွင်း ထွေးထုတ်ပါ။
6. ပလတ်စတစ်ခွက်တွင် ချွဲသလိပ် 5 ml မျဉ်း (နှင့်အထက်) ရောက်သည်အထိ ဤသို့ဆက်၍ လုပ်ပါ။ ဤသည်မှာ လက်ဖက်ရည်ဇွန်း ၁ ဇွန်းစာလောက် ရှိပါသည်။
7. ယိုဖိတ်ခြင်းမရှိစေရန် ခွက်အဖုံးကို လှည့်၍တင်းကျပ်စွာ ပိတ်ပါ။
8. ခွက်ကို ဆေး၍ အပြင်ဘက်ကို ခြောက်အောင်သုတ်ပါ။
9. ခွက်ပေါ်တွင် သင်ချွဲသလိပ်စုယူသည့် ရက်စွဲကိုရေးပါ။
10. ခွက်ကို သူနာပြုမှပေးသည့် ဘူး သို့မဟုတ် အိတ်ထဲတွင် ထည့်ပါ။
11. ခွက်ကို သင်၏ဆေးခန်း သို့မဟုတ် သူနာပြုအားပေးပါ။ လိုအပ်ပါက သင်သည် ခွက်ကို ရေခဲသေတ္တာအတွင်း တစ်ညတာ ထားနိုင်ပါသည်။ ရေခဲစေသည့်အကန့်အတွင်း မထည့်ပါနှင့်။ သို့မဟုတ် အခန်းအပူချိန်တွင် မထားပါနှင့်။

မင်နီစိုးတာ ကျန်းမာရေးဌာန၊ TB ကာကွယ်ထိန်းချုပ်ရေး အစီအစဉ်မှ ရေးသားချက်ကို ဆီလျော်အောင် ပြောင်းထားပါသည်

Oregon Health Authority

ပြည်သူ့ကျန်းမာရေးဌာနခွဲ

သင်သည် ဤစာရွက်ကို အခြားဘာသာစကားများ၊ ပုံနှိပ်စကားလုံးကြီး၊ မျက်မမြင်များအတွက်စာ သို့မဟုတ် သင်နှစ်သက်ရာ ပုံစံဖြင့် ရနိုင်ပါသည်။ 503-358-8516 ရှိ TB Control Program ကို ဆက်သွယ်ပါ။ လက်ဆင့်ကမ်း ဖုန်းခေါ်ဆိုမှု အားလုံးကို ကျွန်ုပ်တို့ လက်ခံပါသည်။ သို့မဟုတ် 711 ကို သင်ဖုန်းဆက်နိုင်ပါသည်။